# ရေပွက်ပမာ

လူချင်းတူပေမယ့်
အသက်ရှူတဲ့ အနေအထား
ခြားနားသွားတယ်။

အမြင်သဘောထား
ခံစားရတဲ့ ဝေ’နာလဲ
မတူတာပဲများတယ်။

စင်ပေါ်နဲ့စင်အောက်
ရောက်နေတဲ့ နေရာချင်း
မြင်ကွင်းက ကွဲသေးတယ်။

စင်ပေါ်က အဆင့်
အမြင့်စံတဲ့ အလွှာ
အရာရာပြည့်စုံတယ်။

စင်အောက်က လူသား
လူတန်းစားအဖုံဖုံ
ပြည့်စုံတဲ့သူ ရှားတယ်။

စင်ပေါ်ရောက်ရင်
မောက်မာချင်တယ်တဲ့
တကယ်လဲ ဟုတ်ပါရဲ့။

စင်အောက်က လူသားမှာ
မောက်မာဖို့ အသာထား
ရှားပါး ချို့တဲ့စွာနဲ့ပါ။

အလွှာနှစ်ခုကြားမှာ
မတူကွဲပြားပြီး
စည်းခြားထားတယ်။

အဲဒါက ဘာလဲ
အာဏာနဲ့ဉစ္စာလား
ပကာသနတွေလား။

ရေပွက်ပမာမျှကို
ထာဝရလို့ ထင်ရင်
အမြင်မှားနိုင်တယ်။

အမြင် မတူတာကို
ကြည်စွာ လက်ခံတယ်။

အမြင်မှားလို့
လူသားချင်း မစာနာ
အာဏာယဉ်းထလို့ မဆုံးရင်
နိဂုံးက လှပါဦးမလား . . . ။

ကိုသက်